ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ ဗဟိုအဆင့် ဖွင့်ပွဲအခမ်းအနား (၂၀၁၆) တွင် ပြည်ထောင်စုဝန်ကြီး ပြောကြားသည့် အဖွင့်မိန့်ခွန်း

နေပြည်တော် **၂၀၁၆ ခုနှစ်၊ သြဂုတ်လ (၉)ရက်**

ယနေ့အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြပါသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပြည်သူ့လွတ်တော်ကိုယ်စားလှယ်များ၊ နေပြည်တော်စည်ပင် သာယာသာရေးကော်မတီနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့မှ ဌာနေကိုယ်စားလှယ်များ၊ ပြည်တွင်း/ပြည်ပလူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာပထမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံသားတိုင်း အာဟာရပြည့်ဝမျှတဖို့ လိုပါတယ်။ အာဟာဖွံ့ဖြိုးရေးဟာ ကျန်းမာရေးရဲ့ အဓိကကျတဲ့အခြေခံလိုအပ်ချက်တစ်ခု ဖြစ်တဲ့အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနဟာ အာဟာရချို့တဲ့မှုများ လျော့နည်းပပျောက်ရေး၊ အာဟာရလွန်ကဲမှုပြဿနာများ ကာကွယ်ရေး၊ အာဟာရပြည့်ဝမျှတစွာ စားသုံးတတ်တဲ့ဓလေ့ ပိုမိုထွန်းကားလာရေး စတဲ့ရည်မှန်းချက်များ ချမှတ်ကာ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုအားဖြည့်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူလူထုအနေနဲ့ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုစိတ်ဝင်စားပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ရည်ရွယ်ပြီး အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများကို သြဂုတ်လ(ပထမပတ်)များမှာ ၂၀၀၃ ခုနှစ်မှ ၂၀၀၈ ခုနှစ်ထိ ဆောင်ရွက်ခဲ့ပြီး ၂၀၀၉ ခုနှစ်စတင်၍ သြဂုတ်လတစ်လလုံးမှာ ဗဟိုအဆင့်အနေနဲ့ သာမက တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှာပါ နှစ်စဉ်ကျင်းပပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။

အခုလို အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ သတ်မှတ်ပြီး ဆောင်ရွက်ခြင်းကြောင့် ပြည်သူလူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်လာပြီး အာဟာရပြည့်ဝကျန်းမာစေတဲ့ အသိပညာ၊ အမူအကျင့်များ ပိုမိုကောင်းမွန်မှန်ကန်လာစေပြီး၊ ကလေးငယ်များနဲ့ အမျိုးသမီးများရဲ့ ကျန်းမာရေးနဲ့ အာဟာရအခြေအနေလည်း ပိုမိုကောင်းမွန်မြင့်မားလာစေမှာ ဖြစ်ပါတယ်။

နှစ်ဦး သြဂုတ်လရဲ့ ပထမပတ်ဟာ ကမ္ဘာ့မိခင်နို့ဝင့်တိုက်ကျွေးရေး ရက်သတ္တပတ်လည်း ဖြစ်ပါတယ်။ ဒီအာဟာရ ရက်သတ္တပတ်ဟာ Italy နိုင်ငံ၊ Florence မြို့ရှိ Spedale Degli ၌ သြဂုတ်လ၊ ၁၉၉၀ ကို ကျင်းပခဲ့သည့် Breast Feeding in the 1990: A Global Initiative meeting မှ ထွက်ပေါ်လာသည့် Innocenti Declaration ကို အထိမ်းအမှတ်ပြုသည့်အနေဖြင့် အာဟာရရက်သတ္တပတ်ကို ကျင်းပခြင်းဖြစ်ပါတယ်။

အာဟာရလှုပ်ရှားမှု ရက်သတ္တပတ်များကို ပထမရက်သတ္တပတ်ကို မိခင်နို့စနစ်တကျ တိုက်ကျွေးရေး ရက်သတ္တပတ်၊ ဒုတိယရက်သတ္တပတ်ကို ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ တတိယရက်သတ္တပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ စတုတ္ထရက်သတ္တပတ်ကို အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေး ရက်သတ္တပတ်များအနေနဲ့ သတ်မှတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မိခင်နို့တိုက်ကျွေးခြင်းသည် ကလေးငယ်နှင့် မိခင်များအားလုံး၏ အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း ကမ္ဘာအနှံ့က ယုံကြည်သူများ ချိတ်ဆက်ဖွဲ့စည်းထားတဲ့ World Alliance for Breastfeeding Action အဖွဲ့မှ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်ကို နှစ်စဉ်နှစ်တိုင်း ဦးတည်ဆောင်ရွက်မယ့် လုပ်ငန်းဆောင်ပုဒ်တစ်ခုရွေးချယ်ပြီး ကျင်းပလေ့ရှိပါတယ်။ ဒီနှစ်အတွက် လုပ်ငန်းဆောင်ပုဒ်ကတော့ **Breastfeeding: A key Sustainable Development ဖြစ်ပါတယ်။ မြန်မာဘာသာအနေဖြင့် – "စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မိခင်နို့ချိုတိုက်ကျွေးစို့"** ဟု ပြန်ဆိုသတ်မှတ်ထားပါတယ်။ ဒီအဖွဲ့၌ မိခင်နို့တိုက်ခြင်းသည် ကလေး၏ ကြီးပွားဖွံ့ဖြိုးမှုအတွက် အထူးအရေးပါပြီး နိုင်ငံ၏တိုးတက်မှုကိုလည်း များစွာအထောက်အကူပြုပါတယ်။

မိခင်နို့တိုက်ကျွေးခြင်းဖြင့် ကလေးငယ်၏ ခံစားမှုနှင့် သိမှတ်နိုင်မှု (Sensory and cognitive development) ပိုမိုဖွံ့ဖြိုးတိုးတက်လာပါမယ်။ ကူးစက်ရောဂါများနှင့် နာတာရှည်ရောဂါများကို ကာကွယ်ပြီး ကလေးသေဆုံးနှုန်းကို လျော့ကျစေပါတယ်။ နာမကျန်းဖြစ်ပါကလည်း လျင်မြန်စွာ ပြန်လည်ကောင်းမွန်နလန်ထူလာနိုင်ပြီး မိခင်အတွက် သားဆက်ခြားခြင်းကို

လည်း ဖြစ်စေနိုင်ပါမယ်။ ထို့အပြင် မိခင်အနေနဲ့ မျိုးဥကင်ဆာနှင့် ရင်သားကင်ဆာဖြစ်ပွားမှုနှုန်း ကိုလည်း လျော့ကျစေပါမယ်။ ဥပမာအားဖြင့် ကလေးတစ်ဦးကို မွေးဖွားပြီး (၁)နာရီအတွင်း နို့တိုက်ခြင်း၊ အသက် (၆)လအထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးခြင်း၊ ဆက်လက်၍ ဖြည့်စွက်စာနှင့်အတူ (၂)နှစ်အထိ နို့ဆက်တိုက်ပါက ကမ္ဘာမှာ ကလေး (၈)သိန်းကျော်၏ အသက်ကို ကယ်နိုင်မည်ဖြစ်ကြောင်း သုတေသနတွေ့ရှိချက်များက ပြောကြားထားပါတယ်။

မိခင်နို့ဟာ ကလေးများအတွက် ပထမဆုံး အစာအာဟာရဖြစ်ပြီး ပေါ်လစီအဆင့်မှာဆို ရင်တော့ မိခင်နို့တိုက်ကျေးခြင်းဖြင့် ကလေးကျန်းမာရင် မိသားစုငွေကုန်ကြေးကျမှုနည်းပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကိုလည်း များစွာအထောက်အကူပြုမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ မိခင်နို့တိုက်ကျေးခြင်းကို အားပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတကာ အလုပ်သမားအဖွဲ့ (International Labour Organization) ကလည်း သူတို့ရဲ့ Maternity Protection Convention 183 အရ မွေးဖွားပြီး ခွင့်ပေးခြင်းကာလကိုလည်း တိုးမြှင့်ပေးထားပါ တယ်။

၂၀၁၉-၂၀၁၀ ခုနှစ်၊ Multiple Indicator Cluster Survey အရ၊ မွေးစမှ (၆)လအထိ မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးမှုနှုန်းမှာ (၂၄%) ရှိခဲ့ရာမှ ၂၀၂၀ ခုနှစ်တွင် (၅၀%)အထိရရှိရန် မျှော်မှန်းထားပါတယ်။ ဒါကြောင့် မိခင်နို့စနစ်တကျတိုက်ကျွေးရေး အသိတရားကို ပြည်သူ လူထုအောက်ခြေထိရောက်ရှိအောင် ဆောင်ရွက်သွားဖို့ အရေးကြီးပါတယ်။

ဘက်စုံထောင့်စုံမှ ချဉ်းကပ်ဆန်းစစ်နည်းများကို အသုံးပြု၍ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနမှ ပြည်သူလူထု၏ကျန်းမာရေးကို တိုးတက်အောင် ဆောင်ရွက်နေပါတယ်။ ကျန်းမာ ရေးစနစ်ကို စနစ်တကျဖြစ်စေရန် ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ်အကုန်ပိုင်းခန့်တွင် ပုံပေါ် လာမည်ဟု ရည်မှန်းထားပါတယ်။ မိခင်နို့တိုက်ကျွေးရေး အလေ့အထနှင့် အကျင့်ကို မြှင့်တင် ရပါမယ်။ ထို့အပြင် နို့ဘူးတိုက်ခြင်းအလေ့အထကို လျော့ကျစေရန် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနမှ ဦးစီးလုပ်ဆောင်ရပါမယ်။ အထက်တွင်ပြောကြားခဲ့သလို မိခင်နို့တိုက်ကျွေးခြင်း သည် ကလေးငယ်များ၏ အသက်ကယ်တင်ခြင်းနှင့် မိခင်များ၏ ရေရှည်အကျိုးကျေးဇူးများကို ရရှိစေနိုင်သည့်နည်းများတွင် ငွေကုန်ကြေးကျအသက်သာဆုံးနှင့် အထိရောက်ဆုံးဖြစ်ကြောင်း သုတေသနတွေ့ရှိချက်များ အခိုင်အမာရှိပါတယ်။ ကျန်းမာရေးနှင့်ဆိုင်သော ကုလသမဂ္ဂ၏ Sustainable Development Goals များအနက် အမှတ်စဉ် (၁) (၂) (၃) (၄) (၈)နှင့် (၁၀)များကို

ပြည့်မီအောင် ဆောင်ရွက်ရာတွင်လည်း မိခင်နို့တိုက်ကျွေးခြင်းနှင့် အာဟာရပြည့်ဝစေရန် ဆောင်ရွက်ခြင်းများသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေပါတယ်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနဟာ ဆေးရုံတွင် မွေးဖွားသော ကလေးများအား မိခင်နို့စနစ်တကျတိုက်ကျွေးမှု တိုးမြှင့်လာစေရေးအတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်းညှိနှိုင်း၍ သားဖွားမီးယပ် အထူးကုဆရာဝန်ကြီးများ၊ ကလေးအထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများမှ မြို့နယ်အဆင့်အထိ ဆင့်ပွားသင်တန်းများ ပို့ချပေးနိုင်ရေးအတွက် မိခင်နို့စနစ်တကျ တိုက်ကျွေးခြင်းဆိုင်ရာ သင်ရိုးညွှန်းတမ်းများ၊ လက်စွဲများ၊ သက်ထောက်ကူများ အသုံးချပြီး ဗဟို အဆင့်သင်တန်းများနှင့် ဆက်လက်ပြီး မြို့နယ်အဆင့်ထိ ဆင့်ပွားသင်တန်းများ ပို့ချဆောင်ရွက်လျက်ရှိကြောင်း တွေ့ရပါတယ်။

ထို့အပြင် ဖော်စပ်ထုတ်လုပ်ထားတဲ့ မိခင်နို့ရည် အစားထိုးအစာများနှင့် ဖြည့်စွက်စာများကို စျေးကွက်တင်ခြင်းဆိုင်ရာ အမိန့်ကို ၂၀၁၄ ခုနှစ်၊ ဧပြီလမှာ အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၄) ဖြင့် ထုတ်ပြန်ကြေငြာခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့် ရောင်းဝယ်ဖြန့်ဖြူးသူများအနေနဲ့ ဒါကို ကျင့်ဝတ်တစ်ရပ်အနေဖြင့် မိမိတို့နိုင်ငံ၏ ကလေးများ၏ကျန်းမာရေးကို ရှေ့ရှုပြီး လိုက်နာစေချင်ပါတယ်။

အမိန့်ကြော်ငြာစာနှင့်ပတ်သက်၍ မိခင်နို့အစားထိုးပစ္စည်းများနှင့် ဆက်စပ်တိုက်ကျွေးပစ္စည်းတစ်မျိုးမျိုးကို ထုတ်လုပ်သူ သို့မဟုတ် ဖြန့်ဖြူးသူများဟာ စျေးကွက်တင်ခြင်းနှင့် စပ်လျဉ်း၍ အမိန့်ကြော်ငြာစာအား လိုက်နာခြင်း ရှိ/မရှိ စောင့်ကြပ်ကွပ်ကဲဖို့အတွက်လည်း ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီများနှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲ၍ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ပိုမိုအားဖြည့်ဆောင်ရွက်စေလိုပါတယ်။

မိခင်နို့တိုက်ကျွေးရေးနှင့် ဖြည့်စွက်စာ စနစ်တကျကျွေးမွေးနိုင်ရေးအတွက် လူထုအတွင်း (၂)နှစ်အောက်ကလေးသူငယ်များ အစာကျွေးခြင်း ဆွေးနွေးသင်တန်းများ (community infant & young child feeding) ကို အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား သင်တန်းပေးပြီး လူထုအတွင်း ကျယ်ပြန့်စွာအသုံးပြုရန် ရည်ရွယ်လုပ်ဆောင်ခဲ့ပါတယ်။

ဒုတိယရက်သတ္တပတ်အတွင်း ငါးနှစ်အောက်ကလေးများနဲ့ ကျောင်းသားလူငယ်များ အာဟာရ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်မှာဖြစ်ပါတယ်။ လက်ရှိမြန်မာနိုင်ငံမှ ငါးနှစ်အောက်ကလေးများတွင် ပုညက်နှုန်း (၃၅.၁%)ရှိနေတဲ့အတွက် ၂၀၂၀ ခုနှစ်မှာ လက်ရှိမှာ (၃၀%)သို့ လျှော့ချရန်၊ ပိန်လှီနှုန်း (၇.၉%) ရှိနေရာမှာ ၂၀၂၀ ခုနှစ်တွင် (၅%)ထက်နည်းစေရန် ဦးတည်၍ လျှော့ချရန် ရည်မှန်းချက်ထားပြီး ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ကုလသမဂ္ဂမှ ထုတ်ပြန်ထားသော Convention on the rights of the child အရ ကလေးတိုင်းသည် ကောင်းမွန်ပြီး အာဟာရပြည့်သောအစားအစာကို ရရှိမည်ဖြစ်ပါတယ်။ Under–nutrition ဟာ (၄၅%) သောကလေးများ သေဆုံးမှုနှင့် ဆက်စပ်နေပါတယ်။

ဗီတာမင်နှင့် အဏုအာဟာရမှုန့်တို့ကို ပုံမှန်တိုက်ကျွေးခြင်း၊ အစာ၊ ရေ၊ တစ်ကိုယ်ရည်သန့်ရှင်းမှု အထူးဂရုပြုခြင်းတို့ဖြင့် ကလေးများအား ရောဂါကင်းစေရန် စောင့်ရှောက်စေခြင်းစသည်ဖြင့် အာဟာရပြည့်ဝမျှတပြီး ကျန်းမာသန်စွမ်းထွားကြိုင်းသော၊ ဉာဏ်ရည်ထက်မြက်သော ကလေးသူငယ်များ ဖြစ်လာစေဖို့ အရေးကြီးပါတယ်။ ယင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိဘများ၊ ဒေသအုပ်ချုပ်သူများ၊ ရပ်ရွာအကြီးအကဲများ၊ ကျန်းမာရေးနှင့် နီးနွယ်ဌာနများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် လူထုအားလုံး ပူးပေါင်းပါဝင်ရန်လည်း အထူးလိုအပ်ပါတယ်။ ဒီအချက်ဟာ အထူးအရေးကြီးပါတယ်။

(၅)နှစ်အောက်ကလေးများမှာ ဗီတာမင်အေချို့တဲ့ပါက ကြက်မျက်သင့်ခြင်း၊ ကိုယ်ခံစွမ်းအား ကျဆင်းခြင်းနှင့် သေပျောက်နှုန်းမြင့်မားခြင်းတို့ ဖြစ်စေနိုင်တဲ့အတွက် နို့တိုက်မိခင်အား မွေးပြီးတစ်လအတွင်း ဗီတာမင်အေ ယူနစ်(၂)သိန်းအား တစ်ကြိမ်၊ အသက်(၆)လမှ (၁)နှစ်အတွင်းကလေးများအား ဗီတာမင်အေ ယူနစ်(၁)သိန်းအား တစ်ကြိမ်၊ အသက်(၁)နှစ်မှ (၅)နှစ်အတွင်းကလေးငယ်များအား ဗီတာမင်အေ ယူနစ်(၂)သိန်းအားကို (၆)လတစ်ကြိမ် အင်အားပြည့်ဗီတာမင်အေ ဆေးလုံးတိုက်ကျွေးရမှာ ဖြစ်ပါတယ်။ ဆေးတိုက်ကျွေးနိုင်ရန်အတွက် လူထုလှုပ်ရှားမှုအသွင်နဲ့ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ တစ်ပြိုင်တည်းမှာပဲ (၂)နှစ်မှ (၉)နှစ်အတွင်းကလေးများအားလုံးကို သန်ချဆေးတိုက်ကျွေးခြင်း၊ အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေးခြင်း၊ ကျောင်းဈေးဆိုင်များကို အာဟာရပြည့်ဝမှုနှင့် သန့်ရှင်းမှုပါ စစ်ဆေးသွားမှာ ဖြစ်ပါတယ်။ ဒါတွေအားလုံးမှာ အခြေခံကျန်းမာရေးဝန်ထမ်း၊ သားဖွားဆရာမများ၏ အခန်းကဏ္ဍသည် အဓိကကျပါတယ်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့ ကျောင်းသားလူငယ်များရဲ့ အာဟာရ ဖွံ့ဖြိုးရေးနဲ့ ကျန်းမာရေးဟာလည်း အရေးပါတဲ့ ကဏ္ဍတစ်ခုဖြစ်တဲ့အတွက် ကျောင်းအခြေပြု အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းတွေကို တိုးချဲ့ဆောင်ရွက်သွားဖို့ ရည်ရွယ်လုပ်ဆောင်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အခြေခံပညာကျောင်းများမှာ အာဟာရပြည့်ဝတဲ့ နေ့လည်စာ တစ်နပ်ဖြစ်စေဖို့နဲ့ အာဟာရဖြည့်စွက် ကျွေးမွေးနိုင်ဖို့တွေကို အကောင်အထည်ဖော်နိုင်ဖို့ ပညာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရတဲ့အတွက် အလွန်ကောင်းမွန်လှပါတယ်။

တတိယပတ် လှုပ်ရှားမှုများအနေနဲ့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးအတွက် ကိုယ်ဝန်ဆောင်မိခင်များကို သံဓါတ်ဆေးပြားနှင့် ဗီတာမင်ဘီဝမ်းဆေးပြားများကိုလည်းကောင်း၊ နို့တိုက်မိခင်များကို ဗီတာမင်ဘီဝမ်း ဆေးပြားများကိုလည်းကောင်း ဖြန့်ဝေတိုက်ကျွေးကြမှာဖြစ်ပါတယ်။ မွေးရာပါ ချို့ယွင်းမှုများကို ကာကွယ်ပေးနိုင်ဖို့ အထူးအရေးပါတဲ့ ဖောလစ်အက်ဆစ်ကို သံဓါတ်အာဟာရနှင့်တွဲ၍ သံဓါတ်ဖောလစ်ဆေးပြားအဖြစ် ကိုယ်ဝန်ဆောင်မိခင်များကို တိုက်ကျွေးလျက်ရှိကြောင်း သိရပါတယ်။

စတုတ္ထပတ်အတွင်းမှာတော့ အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရန် ရည်ရွယ်၍ ရက်သတ္တပတ် လှုပ်ရှားမှုများကို ဆောင်ရွက်မှာဖြစ်ပါတယ်။ အမျိုးသမီးများနှင့် မိခင်များတွင် အိုင်အိုဒင်းချို့တဲ့ပါက သားပျက် သားလျှောခြင်း၊ ကလေးအသေမွေးခြင်း၊ ပေါင်မပြည့် လမစေ့သည့် ကလေးမွေးခြင်း၊ ဉာဏ်ရည်နိမ့်သောကလေး၊ ဆွံ့အနားမကြားသော ကလေး၊ ခန္ဓာကိုယ်မသန်စွမ်းသော ကလေးမွေးခြင်း စသည့်အန္တရာယ်များ ဖြစ်ပွားနိုင်ပါတယ်။ အိုင်အိုဒင်းချို့တဲ့မှုပပျောက်ခြင်းဖြင့် ခန္ဓာကိုယ်ဖွံ့ဖြိုးမှု၊ ဉာဏ်ရည်ဖွံ့ဖြိုးမှုတိုးတက်စေရန် ၁၉၉၇ ခုနှစ်မှစ၍ အမျိုးသားကျန်းမာရေးကော်မတီအစည်းအဝေးမှ "တစ်နိုင်ငံလုံး အိုင်အိုဒင်းဆား စားသုံးစေခြင်း" နည်းဗျူဟာကို ရေရှည်စီမံချက်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဆားစက်များက အရည်အသွေးပြည့်မီတဲ့ အိုင်အိုဒင်းဆားကိုသာ ထုတ်လုပ်မယ်၊ ဈေးများမှာလည်း အရည်အသွေးပြည့် အိုင်အိုဒင်းဆားကို မလွဲမသွေစားသုံးခွင့်ရမှာ ဖြစ်ပါတယ်။

အိုင်အိုဒင်းဆား ဟုတ်မဟုတ် ဆားစက်များတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့ဆားလုပ်ငန်းဌာနတို့ ပူးပေါင်းပြီး အရည်အသွေးပြည့်မီတဲ့ အိုင်အိုဒင်းဆားကိုသာ ထုတ်လုပ်စေရန်နှင့် ဈေးများမှာ စစ်ဆေးကြပ်မတ်လျက်ရှိပေမယ့် အရည်အသွေးမပြည့်တဲ့ဆားများ တွေ့နေရဆဲ

ဖြစ်ပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံ အိုင်အိုဒင်းချို့တဲ့မှုပျောက်ရေး ဗဟိုကော်မတီအနေနဲ့ ပိုမိုထိရောက်တဲ့ အရေးယူဆောင်ရွက်ခြင်းများကို လိုအပ်ချက်နှင့်အညီ ကျင့်သုံးသွားနိုင်ဖို့ လမ်းညွှန်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဆားစက်မှာဖြစ်စေ၊ ဆားဂိုဒေါင်မှာဖြစ်စေ၊ စျေးများမှာရှိတဲ့ လက်လီဆိုင်မှာဖြစ်စေ အရည်အသွေးမပြည့်တဲ့ အိုင်အိုဒင်းဆားကို စစ်ဆေးတွေ့ရှိရလျှင် အိုင်အိုဒင်းပြန်လည် ဖြည့်သွင်းပြီးမှသာ ရောင်းချခွင့်ပြုမယ့် အစီအဉ်ကိုလည်း မြန်မာ့ဆားလုပ်ငန်း၊ စည်ပင်သာသာ ရေးအဖွဲ့များနှင့် အရှိအဟုန်မြှင့်ဆောင်ရွက်သွားဖို့ တိုက်တွန်းလိုပါတယ်။

ကျန်းမာရေး နှင့်အားကစားဝန်ကြီးဌာနဟာ ငါးနှစ်အောက်ကလေး သေနှုန်းလျှော့ချရေး ကို အဓိကဦးစားပေးပြီး အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာမှာ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှုဟာ အလွန်အရေးပါတဲ့ အခန်းကဏ္ဍတစ်ခုပဲ ဖြစ်ပါတယ်။ ငါးနှစ် အောက်ကလေး သေနှုန်းလျှော့ချရေးအတွက် ပထမနှင့် ဒုတိယအာဟာရဖွံ့ဖြိုးရေး ရက်သတ္တ ပတ်များဟာ တိုက်ရိုက်သက်ဆိုင်နေတဲ့အတွက် ရာနှုန်းပြည့် အောင်မြင်မှုရအောင် ဆောင်ရွက် ရမယ့် လုပ်ငန်းများဖြစ်တာ တွေ့ရပါတယ်။ တတိယနဲ့ စတုတ္ထအာဟာရဖွံ့ဖြိုးရေး ရက်သတ္တ ပတ် လှုပ်ရှားမှုများဟာလည်း မဖြစ်မနေဖြည့်ဆည်းရမယ့် အာဟာရလုပ်ငန်းများပဲ ဖြစ်ပါတယ်။

အရည်အသွေးပြည့်ဝတဲ့ အာဟာရစောင့်ရှောက်မှုကို ရရှိစေဖို့အတွက် အခြေခံကျန်းမာ ရေးဝန်ထမ်းများအား လုပ်ငန်းခွင်သင်တန်းများ၊ မွမ်းမံသင်တန်းများပို့ချခြင်း၊ လုပ်ငန်းများကို ဆန်းစစ်၍ ကြီးကြပ်ကွပ်ကဲခြင်း၊ နည်းပညာပိုင်းဆိုင်ရာများ၊ လိုအပ်သော အာဟာရလုပ်ငန်းသုံး ပစ္စည်းကိရိယာများ ပံ့ပိုးမှုပေးခြင်းတို့ကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါတယ်။ ပိုမို လည်း ဆောင်ရွက်ပေးပါမယ်။

နိုင်ငံတကာအထောက်အပံ့နဲ့ နည်းပညာအကူအညီများကို ရယူဆောင်ရွက်ရာမှာ ပြည်သူလူထုအားလုံး လက်လှမ်းမီတဲ့ အာဟာရစောင့်ရှောက်မှုများဖြစ်ဖို့ အလွန်အရေးကြီးပါ တယ်။ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ ကူညီဆောင်ရွက်တဲ့ ပြည်တွင်း/ပြည်ပ လူမှုရေးအဖွဲ့ များအနေနဲ့ နေရာဒေသတစ်ခုအတွင်းမှာ တူညီသောလုပ်ငန်းများ လုပ်ကိုင်နေခြင်းမျိုးထက် မြန်မာနိုင်ငံရဲ့ ဒေသအသီးသီးက ပြည်သူများအတွက် လိုအပ်သော အာဟာရစောင့်ရှောက်မှု လုပ်ငန်းများကို လုပ်ကိုင်ခြင်းမျိုးဖြင့် မြန်မာပြည်သူများ အာဟာရအခြေအနေ တိုးတက်

ကောင်းမွန်စေရေးအတွက် ဝိုင်းဝန်းကူညီပေးဖို့ အထူးမှာကြားလိုပါတယ်။ ဒါမှသာလျှင် ဆောင်ရွက်သလောက် အကျိုးရှိပြီး၊ လူထုဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှုကို ရရှိမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ အာဟာရစောင့်ရှောက်မှုများကို ၁၉၅၄ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့တာဖြစ်လို့ အခုဆိုရင် နှစ်ပေါင်း(၆၀)ကျော်လာပြီ ဖြစ်ပါတယ်။ ပဏာမကျန်းမာရေးစောင့်ရှောက်မှုနည်းလမ်းနဲ့ Joint Nutrition Support Program ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့လို့ ၁၉၉၁ ခုနှစ် " Liguria International Technology for Development" ဆုရရှိခဲ့ခြင်းသည်လည်း မြန်မာ့အာဟာရသမိုင်းရဲ့ အောင်မြင်မှုသာဓကတစ်ခု ဖြစ်ပါတယ်။ ထိုစဉ်က အာဟာရလုပ်ငန်းစဉ်များ၊ အိုင်အိုဒင်းဆားများနှင့်ပတ်သက်ပြီး ဦးစီးအောင်ရွက်ခဲ့ကြတဲ့ ဒေါက်တာသိုင်းရာဖိုးနှင့် ဒေါက်တာဦးကြွယ်သိန်းတို့ကိုလည်း ဤနေရာမှ ဂုဏ်ပြုကြောင်း ပြောကြားလိုပါတယ်။ အဏုအာဟာရအနေနဲ့လည်း အိုင်အိုဒင်းချို့တဲ့မှုအခြေအနေဟာလည်း သိသာစွာကျဆင်းလာကြောင်း တွေ့ရပါတယ်။ ဒါပေမယ့်လည်း မြန်မာပြည်သူများ၏ အာဟာရအခြေအနေတိုးတက်ဖို့အတွက် ဆောင်ရွက်စရာလုပ်ငန်းတွေ အများကြီးပဲရှိနေပါသေးတယ်။

အာဟာရမြှင့်တင်ရေးလှုပ်ရှားမှု (Scaling up Nutrition (SUN) Movement) များကို ကမ္ဘာတစ်ဝှမ်းလုံးရှိ နိုင်ငံပေါင်း (၅၆)နိုင်ငံမှာ ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာလည်း ၂၀၁၃ ခုနှစ်၊ မေလ(၁၃)ရက်နေ့မှစပြီး ကမ္ဘာ့အာဟာရ မြှင့်တင်ရေးလှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ ပါဝင်ဆောင်ရွက်နေတာနဲ့အညီ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အာဟာရဌာနအနေနဲ့ သက်ဆိုင်ရာ နှီးနွယ်ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပမှ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်လျက် အာဟာရမြှင့်တင်ဆောင်ရွက်ခြင်း အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ်များရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဆောင်ရွက်ချက်များ အောင်မြင်မှု ရှိ/မရှိနှင့် လမ်းကြောင်းမှန်ပေါ်တွင် ရှိ/မရှိကိုလည်း ပြန်လည်သုံးသပ်စေလိုပါတယ်။ စာရွက်ပေါ်မှ အခြေအနေများကိုသာ ကြည့်ပြီး ကျေနပ်မနေစေလိုပါ။

အာဟာရစောင့်ရှောက်ရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်တဲ့နေရာမှာ ကျန်းမာရေးဝန်ထမ်းများကသာ ဆောင်ရွက်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး၊ နှီးနွယ်ဝန်ကြီးဌာနများ၊ လူမှုရေးအဖွဲ့အစည်းများနဲ့ ပြည်သူတစ်ရပ်လုံးကပါ ဝိုင်းဝန်းပြီး လက်တွဲညီညီဆောင်ရွက်ကြဖို့

လိုအပ်ပါတယ်။ ခုလို သြဂုတ်လတစ်လလုံး တက်တက်ကြွကြွလှုပ်ရှားကြသလို တစ်နှစ်ပတ်လုံး စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြဖို့လည်း တိုက်တွန်းလိုပါတယ်။

ကြွရောက်လာသော ကုလသမဂ္ဂအဖွဲ့အစည်းများမှ နိုင်ငံခြားသားများသိရှိရန် အင်္ဂလိပ်လို အနည်းငယ်ပြောကြားခွင့်ပြုပါ။

“The Ministry of Health and Sports, in collaboration with UN agencies, international organizations, INGOs, various foundations and associations, has been promoting various health enhancing activities or interventions in the form of health promoting months, health promoting weeks and health promoting days. One thing we have to note is that these activities or interventions actually aim at reminding the population or stimulating the enthusiasm of the people to do something good for the health, for the family health and for the children’s health. We have 52 weeks in a year. It would be much more effective if we conduct this type of event several times a year in a miniature scale. As per the basic tenets of public health, we need to have repeated reminders so that all of us will be ingrained with the idea of importance of inculcating healthy habits, healthy attitudes, healthy behaviors or health practices. This could only be achieved if community based organizations, ethnic organizations, and civil societies have a sense of ownership in conducting this type of events in the respective communities, so that there will be continuous or lengthened stimulation or reminders to the population at large.

The Ministry of Health and Sports stands ready to render any support or facilitation that may be required to initiate this type of event in far–flung remote areas in collaboration with our partners sitting in this hall. The Ministry of Health and Sports plans to do this through the good offices of state/regional and township health departments. I am calling for proactive support to all those representatives from UN agencies, international organizations, INGOs, various foundations and associations who are operating in our country. A few hundred dollars worth of

support will go a long way in reaping the benefit of conducting this type of event in a miniature scale all over the country.

နိဂုံးချုပ်အနေနဲ့ အခုလို ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနဲ့ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများ ဆောင်ရွက်နိုင်အောင် ကူညီပံ့ပိုးပေးတဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့တို့ကို ကျေးဇူးအထူးတင်ရှိပါတယ်။ မိခင်နို့စနစ်တကျ တိုက်ကျွေးရေးနဲ့ အာဟာရဆိုင်ရာဗဟုသုတများ ပြည်သူများကြား စိမ့်ဝင်သွားအောင် ပညာပေးစည်းရုံးပေးလျက်ရှိကြတဲ့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီး အပါအဝင် ပြည်တွင်း/ပြည်ပလူမှုရေးအဖွဲ့အစည်းများကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့ တစ်မျိုးသားလုံးရဲ့ အာဟာရအခြေအနေတိုးတက်ကောင်းမွန်စေမယ့် လုပ်ငန်းတွေကို ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြင့်ဆောင်ရွက်ရာမှာ ယနေ့ကြွရောက်လာကြတဲ့ နိုးန္ဓယ်ဝန်ကြီးဌာနများနဲ့ အဖွဲ့အစည်းအသီးသီးတို့မှ တာဝန်ရှိသူများကပါ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့်အတူ လက်တွဲပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးကြပါလို့တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။